ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၂၁၅-ဆည/ခွဲ(၂) ငွေစာရင်း/ ၃၂၂၆
ရက် စွဲ ၊ ၂၀၂၅ ခုနှစ် ၊ ဇူလိုင် လ ၃ ရက်

အကြောင်းအရာ။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် နှစ်စဉ်ကြေး ပေးသွင်းရန်ကိစ္စ

ရည် ညွှန်း ချက် ။ (၁) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၁၃-၅-၂၀၂၅ ရက်စွဲပါ စာအမှတ် ၂၁၅-ဆည/ခွဲ(၂)ငွေစာရင်း/၂၁၀၅

(၂) Be The First Co.,Ltd ၏ ၂၅-၆-၂၀၂၅ ရက်စွဲပါ စာအမှတ် BTF/06/ 25/ PTD-004

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ရယူထားသော ကုမ္ပဏီများအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် နှစ်စဉ်ကြေးပေးသွင်းခြင်းနှင့် စပ်လျဉ်း၍ ရည်ညွှန်း(၁)ပါစာဖြင့် အကြောင်းကြားခဲ့ရာ ကုမ္ပဏီမှ နှစ်စဉ်ကြေးပေးသွင်းရန် Financial Statement (Draft) ၊ နှစ်စဉ်ကြေးတွက်ချက်ပုံနှင့် ပေးချေထားသော အထောက်အထားများအား ရည်ညွှန်း(၂)ပါစာဖြင့် တင်ပြလာပါသည်။

၂။ Be The First Co.,Ltd အနေဖြင့် ရယူထားသော NFS(I) လိုင်စင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် နှစ်စဉ်ကြေးပေးသွင်းရန် တင်ပြလာသော အထောက်အထားများအား ကနဦးစိစစ်ရာ ဆက်သွယ်ရေးဥပဒေ ၊ နည်းဥပဒေများအရ သက်ဆိုင်သောဝင်ငွေပေါ်တွင် ပေးသွင်းရမည့် နှစ်စဉ်ကြေးမှာ သတ်မှတ်ထားသည့် ပမာဏအောက် လျော့နည်းနေပါသဖြင့် အဆိုပါနှစ်အတွက် နှစ်စဉ်ကြေး (Minimum Fee)အဖြစ် **ကျပ် ၆,၀၀၀,၀၀၀/-** အား ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ရုံးချုပ်ဖြစ်သည့် ရုံးအမှတ်(၂) ၊ နေပြည်တော် ၊ ငွေစာရင်းအမှတ် **MD-011092** (သို့မဟုတ်) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ၊ ရန်ကုန်တိုင်းဒေသကြီး(ရုံးခွဲ) ငွေစာရင်းအမှတ် **MD-010219** သို့ **အမြန်ဆုံး** ပေးသွင်းပါရန် ၊ ငွေလွှဲဖြင့် ပေးသွင်းမည် ဆိုပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ငွေစာရင်းအမှတ် ၊ **MD-011092 မြန်မာ့စီးပွားရေးဘဏ်** ၊ နေပြည်တော် သို့ ပေးသွင်းနိုင်ပါကြောင်း ၊ **ငွေလွှဲပြီးကြောင်း အထောက်အထားကို ဤဦးစီးဌာနသို့ မပျက်မကွက် ပြန်လည်တင်ပြရန်နှင့် အမှန်ပေးဆောင်ရမည့် နှစ်စဉ်ကြေးအား စာရင်းစစ်အစီရင်ခံစာနှင့် တိုက်ဆိုင်စစ်ဆေးကာ ပိုငွေ/လိုငွေအား ညှိနှိုင်းတွက်ချက်ရမည် ဖြစ်ပါသဖြင့် အဆိုပါနှစ်အတွက် စာရင်းစစ်အစီရင်ခံစာ ရရှိပါကလည်း အမြန်ဆုံး ပေးပို့ပါရန်** အကြောင်းကြားပါသည်။

၃။ ထို့အပြင် အဆိုပါကာလအတွက် ပေးဆောင်ရမည့် အခကြေးငွေကို ပေးဆောင်ရန် ရက်ပေါင်း (၉၀)စေ့ရောက်သည့် နေ့ရက်ဖြစ်သည့် (၂၉-၆-၂၀၂၅)မှ ရက်ပေါင်း(၃၀)အတွင်း ပေးဆောင်ရန် ပျက်ကွက်ပါက လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ အပိုဒ်၂၅(က)အရ ဝန်ကြီးဌာနက သတ်မှတ်ပေးသောနှုန်းထားဖြင့် ပေးဆောင်ရန် စေ့ရောက်သည့်နေ့အထိ နောက်ကြောင်းပြန်၍ အတိုးပေးဆောင်ရမည် ဖြစ်ပါသောကြောင့် **အမြန်ဆုံး** ပေးသွင်းပါရန်နှင့် Be The First Co.,Ltd အနေဖြင့် ဤစာကို လက်ခံရရှိကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ email: revenue.ptd@gmail.com သို့ စာဖြင့် တရားဝင် ပြန်ကြားပေးပါရန် ဖော်ပြပါသည်။

ညွှန်ကြားရေးမှူးချုပ် ( ကိုယ်စား )

( သန်းထွန်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် )

Managing Director

Be The First Co.,Ltd

မိတ္တူကို

- လိုင်စင်ဌာန(ဤရုံး)
- ရုံးလက်ခံ
- မျှောစာတွဲ